# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.1 No.7 July


## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပ




ဇွန်လ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၂၂) ကို ၂၉-၆-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ ၂၀၂၂ခုနှစ်၊ ဇွန်လအတွက် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) ကို ၈-၆-၂၀၂၂ ရက်နေ့တွင်ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုးနှင့် ဦးတင်အောင် အထူးဖိတ်ကြားခံရသည့် ကော်မရှင်အဖွဲ့ဝင် (ဘဏ္ဍာ) ဦးကျော်မြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် AICHR နှင့် အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) တို့အကြား တွေ့ဆုံဆွေးနွေးပွဲသို့ ကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်



ဇွန်လ ၂၁ ရက်

၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့၊ Virtual Platform စနစ်ဖြင့် ကျင်းပသည့် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ( ASEAN Intergovernmental Commission on Human Rights– AICHR) နှင့် အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) တို့အကြား တွေ့ဆုံဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် (၆) နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ AICHR ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးပေါ်လွင်စိန်နှင့် ဒေါက်တာ တင်မောင်မောင်သန်း တို့အပါအဝင် ကိုယ်စားလှယ် စုစုပေါင်း (၄၃) ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ၌ ဆွေးနွေးပွဲအစီအစဉ်အရ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ H.E. Keo Remy က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဖိုရမ်ဥက္ကဋ္ဌ ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်ရေးကော်မရှင် (CHRP) က ၂၀၂၂ ခုနှစ် SEANF ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး နောက်ပိုင်းဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ပေါ်မှုများကို ဆွေးနွေး တင်ပြခဲ့ပါသည်။

အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) ဥက္ကဋ္ဌက ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် AICHR ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဦးစားပေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက AICHR-SEANF တို့အကြား ရှေ့ဆက် ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ပါသည်။

ထို့နောက် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) ဥက္ကဋ္ဌနှင့် SEANF ဥက္ကဋ္ဌတို့က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ပါသည်။

# ဝန်ထမ်းများ၏ ဌာနလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များရှင်းလင်းခြင်း ပြိုင်ပွဲပြုလုပ်




ဇွန်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးကို ရည်ရွယ်လျက် ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းခြင်းပြိုင်ပွဲကို ကော်မရှင်ရုံး Conference Room တွင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ၁၃:၀၀ နာရီ အချိန်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပါသည်။ ပြိုင်ပွဲသို့ ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာ စကားပြောကြားရာတွင် ယခုလို ဌာနအလိုက် လုပ်ငန်း ဆောင်ရွက်ချက်များ ရှင်းလင်း တင်ပြခြင်းပြိုင်ပွဲ ကျင်းပပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတကာနှင့် ဆက်သွယ် ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် ဝန်ထမ်းများ အင်္ဂလိပ်စာတက်မြောက်မှု အရည်အသွေး မြင့်မားလာစေရေးကို အဓိကထားဆောင်ရွက်ရခြင်းဖြစ်ပြီး ကော်မရှင်ရုံးမှ အင်္ဂလိပ်စာသင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီး သင်ကြားပြီးစာများ မမေ့မလျော့ရေးအတွက် ပြိုင်ပွဲအား အင်္ဂလိပ်ဘာသာဖြင့် ပြိုင်ပွဲ ယှဉ်ပြိုင်စေခြင်း ဖြစ်ကြောင်း၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြခြင်းပြိုင်ပွဲကို တစ်လလျှင် ဌာန(၂)ခုမှ ယှဉ်ပြိုင်ခြင်း ပြုလုပ်သွားမည် ဖြစ်ကြောင်း ပြောကြားပါသည်။ ဌာနလုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြရန် အလှည့်ကျသည့် ဥပဒေရေးရာဌာနမှ ဦးစီးအရာရှိ ဒေါ်မေနှင်းသူ၊ ဒေါ်အေးစန္ဒာမြင့်၊ အငယ်တန်းစာရေး ဦးတင်ကိုကို တို့ကလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ဦးစီးအရာရှိ ဦးမျိုးလှိုင်မြင့်ထွန်း၊ ဒေါ်သူဇာစံ၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ဒေါ်ထွန်းအိန္ဒာကျော်၊ အငယ်တန်းစာရေး ဦးပြည့်ဖြိုးသူ၊ ဒေါ်နှင်းဝတ်ရည်ဦး တို့ကလည်းကောင်း အသီးသီးပါဝင် ယှဉ်ပြိုင်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာန (၆) ခုမှ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက အမှတ်ပေးခဲ့ကြပြီး ပြိုင်ပွဲသည် ၁၄:၄၅ နာရီအချိန်တွင်ပြီးဆုံးခဲ့ပါသည်။



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



ဇွန်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့သည် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၈) ၌ ၂၇-၆-၂၀၂၂ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွား ရောက်ပို့ချသည်။

အဆိုပါသင်တန်းတွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့် လူအခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း က နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှု၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် အစီရင်ခံစာစသည့် ဘာသာရပ်များကိုလည်းကောင်း သင်ခန်းစာများ အသီးသီးပို့ချခဲ့ကြရာစုစုပေါင်း သင်တန်းသားဦးရေ (၄၇) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်း တို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ

ဇွန်လ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၅) ၌ ၂၈-၆-၂၀၂၂ ရက်နေ့၊ ၈:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချသည်။



အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကို လည်းကောင်း၊ ကော်မရှင် အဖွဲ့ဝင်ဒေါက်တာတင်မောင်မောင်သန်းက နိုင်ငံတော်၏တာဝန်ဝတ္တရားနှင့် အများပြည်သူ၏တာဝန်ရှိမှု၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် အစီရင်ခံစာစသည့် ဘာသာရပ်များကို လည်းကောင်း သင်ခန်းစာများ အသီးသီး ပို့ချခဲ့ကြရာ စုစုပေါင်းသင်တန်းသားဦးရေ (၂၀) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။



---

"While poverty persists, there is no true freedom"

"ဆင်းရဲမွဲတေနေချိန်၌ စစ်မှန်သော လွတ်လပ်မှု မရှိ"

Nelson Mandela (1918 – 2013)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပေါင်းတည်အချုပ်ထောင်နှင့် ပြည်အကျဉ်းထောင်တို့အား ကြည့်ရှုစစ်ဆေးခြင်း



မေလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃၀-၅-၂၀၂၂ ရက်နေ့တွင် ပေါင်းတည်အချုပ်ထောင်နှင့် ပေါင်းတည် မြို့မရဲစခန်း အချုပ်ခန်းကိုလည်းကောင်း၊ ၃၁-၅-၂၀၂၂ ရက်နေ့တွင် ပြည်အကျဉ်းထောင်နှင့် ပြည်မြို့ အမှတ် (၁) ရဲစခန်းအချုပ်ကိုလည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်းထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ ကိုဗစ် ကာကွယ်ဆေး ထိုးနှံပြီးစီးမှု အခြေအနေ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့် အချုပ်ထောင်များအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာ ဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ လေ့လာဖတ်ရှုရန်အတွက် ပေါင်းတည်အချုပ်ထောင်နှင့် ပြည်အကျဉ်းထောင်တို့ကို ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ် (၅၀၀) အုပ်နှင့် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ (၃၀၀) အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အကျဉ်းထောင်တာဝန်ခံများမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဖျာပုံအကျဉ်းထောင်နှင့် ဖျာပုံမြို့မရဲစခန်း အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

ဇွန်လ ၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၆-၆-၂၀၂၂ ရက်နေ့နှင့် ၇-၆-၂၀၂၂ ရက်နေ့များတွင် ဖျာပုံအကျဉ်းထောင် နှင့် ဖျာပုံမြို့မရဲစခန်း အချုပ်ခန်းတို့ကို သွားရောက်၍ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့်အကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်ထားမှုအခြေအနေ တို့ကိုကြည့်ရှုစစ်ဆေးခဲ့ပါသည်။





အကျဉ်းထောင်နှင့်အချုပ်ခန်းများအားဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ သောက်ရေ/သုံးရေကန်များ၊ မိလ္လာများသန့်ရှင်းမှု ရှိ မရှိကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဖျာပုံအကျဉ်းထောင်ရှိ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ် ၃၀၀ အုပ်၊ ဗဟုသုတ ရဖွယ်ရာ စာအုပ်စာပေ ၂၀၀ အုပ်နှင့် Oxygen Regulator ၃ လုံးတို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အကျဉ်းထောင်တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့အကြံပြုသွားမည် ဖြစ်ပါသည်။

# မော်လမြိုင်အချုပ်ထောင်၊ ကျိုက်မရောဗဟိုအကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

ဇွန်လ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၃-၆-၂၀၂၂ ရက်နေ့နှင့် ၁၄-၆-၂၀၂၂ ရက်နေ့များတွင် မော်လမြိုင် အချုပ်ထောင်ကိုလည်းကောင်း၊ ၁၅-၆-၂၀၂၂ ရက်နေ့တွင် ကျိုက်မရောဗဟိုအကျဉ်းထောင်နှင့် ကျိုက်မရောမြို့မရဲစခန်းကိုလည်းကောင်း၊ ၁၆-၆-၂၀၂၂ ရက်နေ့တွင် မော်လမြိုင်မြို့မရဲစခန်းနှင့် မုပွန်နယ်မြေရဲစခန်း တို့ကိုလည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဗဟိုအကျဉ်းထောင်နှင့် အချုပ်ထောင်တို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ် ဆေးခဲ့ပါသည်။


ဗဟိုအကျဉ်းထောင်နှင့် အချုပ်ထောင်တို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးရုံ/ဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့်သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကိုလည်းကောင်း၊ အကျဉ်းသား/အချုပ်သားများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အချုပ်ထောင်နှင့် ဗဟိုအကျဉ်းထောင် တို့ရှိ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ် ၅၀၀ အုပ်၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀၀



အုပ်နှင့် Oxygen Regulator ၅ လုံးတို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အကျဉ်းထောင်တာဝန်ခံအရာရှိတို့မှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



# မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ ဝန်ကြီးများကို ကော်မရှင်အဖွဲ့ဝင်မှ တွေ့ဆုံခြင်း



ဇွန်လ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် မွန်ပြည်နယ်အတွင်းရှိ ကျိုက်မရောဇဟိုအကျဉ်းထောင်၊ မော်လမြိုင် အချုပ်ထောင်နှင့် ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း ၁၄-၆-၂၀၂၂ ရက်နေ့ နံနက်ပိုင်း၌ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ မွန်ပြည်နယ်အတွင်းရှိ ပြည်သူများမှ ကော်မရှင်သို့ ပေးပို့ တိုင်ကြားလာသော တိုင်တန်းချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကော်မရှင်မှ အကျဉ်းထောင်၊ အချုပ်ထောင်၊ ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးမှု အခြေအနေများ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ကော်မရှင်မှဆောင်ရွက်နေမှုများကို တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ကော်မရှင်၏ (၁၀) နှစ်တာ ခရီးစာအုပ်နှင့် ကော်မရှင် လက်ကမ်းစာစောင်များအား ပေးအပ်ခဲ့ပါသည်။

---

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ မေလအတွင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၂၅) စောင် လက်ခံရရှိခဲ့ပါသည်။ ဧပြီလ တိုင်တန်းချက်လက်ကျန် (၃) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၂၈) စောင်ရှိပြီး တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး စိစစ်ခဲ့ရာ တိုင်တန်းချက် ( ၁ ) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။ တိုင်တန်းချက် ( ၄ ) စောင်ကို ကာယကံရှင်ထံ ကော်မရှင်မှ အကြံပြုချက်နှင့်အတူ ပြန်ကြားခဲ့ပြီး၊ တိုင်တန်းချက် ( ၁၃ ) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က) အရ လည်းကောင်း၊ ၃၂ (ခ) အရလည်းကောင်း၊ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍ လည်းကောင်း၊ အထောက်အထားမပြည့်စုံသဖြင့်လည်းကောင်း မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ မေလတွင် ဆောင်ရွက်ရန် တိုင်တန်းချက် (၁၀) စောင် ကျန်ရှိပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ရုံးဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲကျင်းပ



ဇွန်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများ၏ ဆန္ဒဖော်ထုတ်ပွဲအခမ်းအနား (၃/၂၀၂၂) ကို ရန်ကုန်မြို့ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်ရှိ ကော်မရှင်ရုံး Conference Room တွင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆန္ဒဖော်ထုတ်ပွဲသို့ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ အရာထမ်း/အမှုထမ်းများ၊ ရုံးခွဲအသီးသီးမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြပါသည်။ အခမ်းအနား အစီအစဉ်အရ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် အဖွင့်အမှာ စကားပြောကြားရာတွင် ကော်မရှင်ရုံးချုပ်မှ တက်ရောက်လာကြသည့် ရုံးဝန်ထမ်းများ၊ video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ကော်မရှင်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများအား ယခင်ဆန္ဒဖော်ထုတ်ပွဲ (၂/၂၀၂၂) အစည်းအဝေးမှတ်တမ်းမှ ဥက္ကဋ္ဌမှတ်ချက်ပြုခဲ့သည့် ဆန္ဒထုတ်ဖော်ပွဲများအား လစဉ်ပြုလုပ်မည်ဖြစ်ကြောင်း၊ တင်ပြသည့်ကိစ္စအားလုံးအား ဖြည့်ဆည်းပေးရန် မဖြစ်နိုင်ဘဲ ရသင့်ရထိုက်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆောင်ရွက်၍ မဖြစ်နိုင်သည့် ကိစ္စများအား နားလည်ပေးရန်လိုကြောင်း ရှင်းလင်းပြောကြားပါသည်။ စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန ညွှန်ကြားရေးမှူး ဦးစောလွင်က ယခင် ဆန္ဒဖော်ထုတ်ပွဲ (၂/၂၀၂၂) အစည်းအဝေးမှတ်တမ်းမှ ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းပြောကြားပါသည်။ ထို့နောက် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊ ဥပဒေရေးရာဌာန၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ စီမံရေးရာဌာနနှင့် e-Government ဌာန၊ နေပြည်တော်ရုံးခွဲ၊ မန္တလေးရုံးခွဲနှင့် စစ်တွေရုံးခွဲများမှ တင်ပြကြပြီးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့ပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ဆန္ဒဖော်ထုတ်ပွဲအား ၁၁:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပြီး အခမ်းအနားသို့ ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်း (၆၆) ဦးတက်ရောက်ခဲ့ပါသည်။

---

## စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ)၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော ဦးစီးအရာရှိ (စုံစမ်းရေး) မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) သို့ ၂၃-၆-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချသည်။

အဆိုပါသင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည်တို့ကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၂၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## "ထာဝရအလင်း"

- အမျိုးသမီး ဆိုရင်က
  အချိုးနည်းစွာ မညီမမျှ
  ခွဲလိုကြ အမြဲပင်။
- ညီမျှတူ လူတွေချင်း ရယ်မို့
  ထူမကူ အသွယ်သွယ် လင်းကာပ
  ကျား‌မ မခွဲ တန်းတူဆင်။
- ပန်းတွေလည်း လန်းစေလျှင်
  ညီစေချင် မေခင်နှမ
  ထာဝရ တူတူပြိုင် ကူးကာမှ
  အရှေ့ဝယ်ခိုင်ခိုင် ပန်းတိုင်က မယိုင်လဲ။
- ခွဲခြားမှု တိုက်ဖျက်ရှယ်
  ပန်းနှယ်သွင် လေသို့ယိမ်းပေမင့်
  တို့အတူတူ ညီညီရှန်းကာမှ
  အိုကွယ်... သည်ကမ္ဘာ ပြည်မြန်မာရယ်လို့
  ထွန်းတောက်မည် အမြဲ။

အာကာ

# ENGLISH SECTION

## MNHRC gives Human Rights Lecture at the Civil Service Academy (Lower Myanmar)



June 27

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Than Myint and Dr. Tin Maung Maung Than, the Commissioners gave lectures on human rights at the Management Course for Senior Level Officials (No.18) held at the Civil Service Academy (Lower Myanmar) on 27 June 2022 from 10:00 am to 3:55 pm.

In doing so, the Commissioner Dr. Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights and the Establishment of Myanmar National Human Rights Commission and its Activities, the Commissioner Dr. Tin Maung Maung Than also delivered the lectures on State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review. After that the lecturers answered the questions asked by the trainees. A total of 47 directors from the departments attended the above-mentioned course.



## MNHRC gives Human Rights Lecture at Civil Service Academy (Lower Myanmar)



June 28

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr Than Myint , Dr. Tin Maung Maung Than, Commissioner gave lectures on human rights at the Management Course for Executive Level Officials (No.5) held at the Civil Service Academy (Lower Myanmar ) on 28 June 2022 from 8:00 am to 3:55 pm.

In doing so, the Commissioner Dr. Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights and the Establishment of Myanmar National Human Rights Commission and its Activities, the Commissioner Dr. Tin Maung Maung Than also delivered the lectures on State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review. After that the lecturers answered the questions asked by the trainees. A total of 20 deputy directors-general from the departments attended the above-mentioned course.



---

## Deputy Director of MNHRC Gives Human Rights Lecture at Special Investigation Training School (Taungoo)

June 23

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Daw Mi Mi Khaing, Deputy Director gave the lectures on human rights at the Refresher Course for Staff Officer (Investigate Officer) (No.1/2022) held at the Investigation Officer Training School (Taungoo) on 23 June 2022 from 12:30 pm to 3:50 pm.

In doing so, Deputy Director Daw Mi Mi Khaing gave lectures on Human Rights Concepts, Universal Declaration of Human Rights, Myanmar National Human Rights Commission and its Activities. After that the lecturer answered the questions asked by trainees. A total of 20 staff officers the above-mentioned course.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။ဖုန်း – ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း –၀၉၄၂၅၈၆၀၀၀၈

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*
*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*